**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အများပြည်သူသို့ ထုတ်ပြန်ချက်**

13 March 2020 ASA 16/1975/2020

# မြန်မာ - သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားသူအပေါ် စွဲဆိုထားချက်များ ပယ်ဖျက်ပေးရန်

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ဘိလပ်မြေစက်ရုံတစ်ရုံ၏ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို လူထုသိရှိလာရန်လုပ်ဆောင်မှုနှင့် ပတ်သက်၍ နိုင်ငံရေးအရရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သောစွဲဆိုချက်များနှင့် ရင်ဆိုင်နေရသည့် ကရင်တိုင်းရင်းသား သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားသူ စောသာဖိုးအပေါ် စွဲဆိုထားချက်များကို မြန်မာအာဏာပိုင်များအနေနှင့် ချက်ခြင်းရုပ်သိမ်းသင့်ပါသည်။ ယင်းစွဲဆိုချက်များမှာ စောသာဖိုး၏ တက်ကြွလှုပ်ရှားမှုကို နှိပ်ကွပ်ရန် ကြိုးပမ်းချက်ဖြစ်ကြောင်း ထင်ရှားပြီး မိမိတို့၏ အခွင့်အရေးများအတွက်တောင်းဆိုနေကြသော လူထုကို ပံ့ပိုးကူညီပေးနေသည့် ၎င်း၏ လုပ်နိုင်စွမ်းကိုလည်း ကြီးကြီးမားမား ထိခိုက်စေပါသည်။ စောသာဖိုးအား ပစ်မှတ်ထားဖမ်းဆီးမည့်အစား မြန်မာအာဏာပိုင်များသည် ဘိလပ်မြေစက်ရုံနှင့်ပတ်သက်ပြီး ဒေသခံလူထု၏ စိုးရိမ်မှုကြီးများကို ဖြေရှင်းပေးရန် ကြိုးပမ်းသင့်ပါသည်။

၂၀၂၀ ခု မတ်လ ၆ ရက်နေ့ ညနေတွင် ကရင်ပြည်နယ် ဘားအံမြို့နှင့် မြိုင်ကလေးမြို့နယ်ရဲတပ်ဖွဲ့မှ အရာရှိများ စောသာဖိုး၏ နေအိမ်သို့ ၎င်းအား ဖမ်းဆီးရန် ရောက်လာကြသည်။ ရဲများက ဖမ်းဝရမ်းထုတ်မပြပဲ ဇန်နဝါရီလအတွင်းက စောသာဖိုးတက်ရောက်ခဲ့သည့် ငြိမ်းချမ်းသော ဆုတောင်းပွဲတစ်ခုနှင့် ဆက်စပ်ပြီး ၎င်းအား ဆူပူအောင်လှုံ့ဆော်မှု ပုဒ်မ ၅၀၅ (ခ) ဖြင့် ဘားအံအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိတစ်ဦးက တရားစွဲဆိုထားကြောင်းသာ စောသာဖိုး၏ ဆွေမျိုးများအား ပြောခဲ့သည်။ ယင်းအချိန်က စောသာဖိုးမှာ နေအိမ်တွင်ရှိမနေခဲ့ပါ။ ယခုအခါ ၎င်း၏ လုံခြုံရေးအတွက် စိုးရိမ်သဖြင့် ထွက်ပြေးတိမ်းရှောင်နေရပါသည်။

၂၀၂၀ ဇန်နဝါရီလ ၁၇ ရက်နေ့က ကျင်းပခဲ့သော ဆုတောင်းပွဲသို့ ကရင်ပြည်နယ်အတွင်းရှိ ဘိလပ်မြေစက်ရုံတစ်ရုံအနီးတဝိုင်တွင်ရှိသော ရွာများမှ ဒေသခံ ၁၀၀၀ ခန့်တက်ရောက်ခဲ့ပါသည်။ စက်ရုံအနီးတဝိုက်ရှိ ရွာပေါင်း ၃၀ ခန့်မှ ဒေသခံများက စက်ရုံကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများရှိကြောင်း၊ အနီးတဝိုက်ရှိ ကန်များ၊ ချောင်းများနှင့် မြစ်များရှိ ရေများညစ်ညမ်းကုန်ကြောင်း ၂၀၁၉ စက်တင်ဘာလကတည်းက ပြောကြား ကန့်ကွက်ခဲ့ကြပါသည်။ လူထုအခြေပြုသဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားမှု ကွန်ရက်အတော်များများ၏အဖွဲ့ဝင်လည်း ဖြစ် ဝန်ထမ်းတစ်ဦးလည်းဖြစ်သည့် စောသာဖိုးက စက်ရုံ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝအပေါ် ထိခိုက်မှုများကို ဒေသခံများ သိရှိနားလည်ပြီး မှတ်တမ်းပြုစုထားနိုင်ရန် ကူညီပေးနေခဲ့သူ ဖြစ်ပါသည်။ ဇန်နဝါရီလက ပြုလုပ်ခဲ့သော ဆုတောင်းပွဲကို သူ စီစဉ်ခဲ့ခြင်းမဟုတ်သော်လည်း ကျေးရွာခေါင်းဆောင်များက ၎င်းတို့၏ စိုးရိမ်ချက်များကို မီဒီယာများအား ပြောကြားနိုင်ရန် ကူညီပေးခဲ့ပါသည်။

ပုဒ်မ ၅၀၅ (ခ) မှာ စကားလုံးတိကျစွာအဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိသော ပုဒ်မတစ်ခုဖြစ်ပြီး နိုင်ငံအတွင်း ငြိမ်းချမ်းစွာတက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်လှုပ်ရှားသူများကို ဖမ်းဆီးအရေးယူရာတွင် မကြာမကြာသုံးစွဲသည့် ပုဒ်မတစ်ခု ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်က မဆို အများပြည်သူများအား ဖြစ်စေ၊ သီးခြား အုပ်စု တစ်စုစုကို ဖြစ်စေ ထိတ်လန့်ကြောက်ရွံ့စေခြင်း၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်သည့်ပြစ်မှု ကျူးလွန်လာစေခြင်း၊ အများပြည်သူ

တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေခြင်းဖြစ်အောင် ပြုလုပ်ခြင်း၊ သတင်းအချက်အလက်များကို ပုံနှိပ်ဖော်ပြခြင်း၊ ဖြန့်ဝေခြင်း ပြုလုပ်သူကို နှစ်နှစ်အထိ ထောင်ဒဏ်ချနိုင်သည့် ပုဒ်မ ဖြစ်သည်။

မြန်မာအာဏာပိုင်များ အနေနှင့် စောသာဖိုးအား စွဲဆိုထားသော ပုဒ်မများကို ချက်ခြင်းရုပ်သိမ်းပြီး နှောက်ယှက်ဟန့်တားမှု၊ ခြောက်လှန့်မှုနှင့် ရာဇဝတ်ကြောင်းအရ အရေးယူခံရမည်ဟူသော ခြိမ်းခြောက်မှုများ မရှိပဲ ၄င်း၏ လုပ်ငန်းများကို ဆက်လုပ်လုပ်ဆောင်ခွင့်ပေးရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တောင်းဆိုပါသည်။

မြန်မာနိုင်ငံတွင် အရပ်သားဦးဆောင်သော အစိုးရအဖြစ် ပြောင်းလဲလာခဲ့သည်မှာ လေးနှစ်နီးပါးကြာလာပြီဖြစ်သော်လည်း မြန်မာ အာဏာပိုင်များသည် တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်သူများအား လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်စသော ၄င်းတို့၏ လူ့အခွင့်အရေးများကို ငြိမ်းငြိမ်းချမ်းချမ်း ကျင့်သုံးရုံဖြင့် ဖမ်းဆီးထောင်ချမှုများ ပြုလုပ်နေဆဲ ဖြစ်သည်။ ယင်းအခွင့်အရေးများကို ထင်သလိုကန့်သတ်နိုင်သော ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၀၅ (ခ) အပါအဝင် ဥပဒေများနှင့်ပတ်သက်ပြီး စိုးရိမ်ချက်များကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မပြတ်ထောက်ပြလျှက်ရှိပါသည်။
လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်သော ပုဒ်မ ၅၀၅ (ခ) ပါ ပြဋ္ဌာန်းချက်များမှာ မတိကျသော ကျယ်ပြန့်စွာ အကျိုးသက်ရောက်မှုရှိသော စကားလုံးများဖြင့် ဖော်ပြထားသောကြောင့် ယင်းဥပဒေကို လွန်ကဲစွာ၊ လိုသလို ခွဲခြားပြီး ကျင့်သုံးမှုများ ပြုလုပ်နိုင်အောင် အခွင့်ပေးထားပါသည်။

သဘာဝပတ်ကျင်အရေးလှုပ်ရှားသူများ အပါအဝင် လူ့အခွင့်အရေး ကာကွယ်သူများသည် လူ့အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရာတွင် အရေးကြီးသည့် အခန်းမှ ပါဝင်ကြသူများဖြစ်သည်။ ထို့ကြောင့် ကုမ္ပဏီများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအပါအဝင် မည်သူကဖြစ်စေ လူ့အခွင့်အရေးချိုးဖောက်မှုများကို ၄င်းတို့က လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်ရှိဖို့ အထူးအရေးကြီးပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကာကွယ်သူများဆိုင်ရာ ကြေညာချက် အပိုဒ် ၂ တွင် အစိုးရတိုင်းသည် နိုင်ငံတွင်းရှိ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်သော အခြေအနေများကို ဖန်တီးပေးရန် တာဝန်ရှိသည်ဟု ဖော်ပြထားသည်။ မြန်မာအစိုးရအနေနှင့်လည်း လူ့အခွင့်အရေးများကို ခြိမ်းခြောက်ခံရမှု၊ လက်စားချေ တုံ့ပြန်ခံရမည်ကို စိုးရိမ်ရမှုများကင်းစွာ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တောင်းဆိုပါသည်။ ယခုလက်ရှိအခြေအနေတွင် စောသာဖိုးအား စွဲချက်တင်ပြီးသည့်နောက် သူ၏ မိသားစုဝင်များ၊ လုပ်ဖော်ကိုင်ဖက်များမှာ နှောက်ယှက်ခြင်း၊ နောက်ယောင်ခံလိုက်လံ စောင့်ကြည့်ခံရခြင်းများရှိနေသည်ဟု ကြားသိရသည့်အပေါ် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အထူးစိုးရိမ်မိပါသည်။

# နောက်ခံအကြောင်း

စောသာဖိုးသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများက ဒေသခံလူထု အသိုင်းအဝိုင်းအပေါ် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးများဖြစ်ပေါ်စေသည့် အကြောင်းများကို လူထုသိရှိနားလည်လာစေရန် ပညာပေးလှုပ်ရှားမှုများ ပြုလုပ်နေသည့် လူထုအခြေပြုတက်ကြွလှုပ်ရှားသူ တစ်ဦးဖြစ်သည်။ သူသည် ကရင်မြစ်ချောင်းများကွန်ရက် (KRW) အဖွဲ့ဝင်တစ်ဦးဖြစ်သလို၊ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဖက် မဟာမိတ်အဖွဲ့ (MATA) ၏ အဖွဲ့ဝင်လည်းဖြစ်သည်။ MATA သည် မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးအပိုင်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိစေရန်၊ အထူးသဖြင့် သယံဇာတတူးဖော်ထုတ်လုပ်သော လုပ်ငန်းများကို အာရုံစိုက်လုပ်ဆောင်နေသောအဖွဲ့ဖြစ်သလို မြန်မာနိုင်ငံတွင်းထွက် သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများပွင့်လင်းမြင်သာမှုရှိရေး ရှေ့ဆောင်အဖွဲ့ (EITI) အတွင်း အရပ်ဖက်အဖွဲ့အစည်း ကိုယ်စားလှယ်အဖြစ်လည်း ပါဝင်ပါသည်။